

# မြသန်းစံ

## ဘဝဇာတ်လမ်း ဓမ္မမှတ်တမ်း

အမှတ် ၁

ဤစာအုပ်တွင် အပ္ပမာဒ စာစဉ်မှ ထုတ်ဝေခဲ့ပြီးသော အောက်ပါစာအုပ်များ စုပေါင်း ပါဝင်ပါသည်။

၁။ မေတ္တာ၊ ဓမ္မ၊ သာသနာ့အလင်းရောင်တို့၏ အေးမြသော ဆွဲငင်အား (၁၉၉၇ ခုနှစ်)
၂။ နက်ရှိုင်းသော တော၏ ရင်ခွင်၌ ပျော်မွေ့ခြင်း (၁၉၉၉ ခုနှစ်)
၃။ ခန္ဓာအိမ်ကို အရင်းပြု၍ သဘာဝဓမ္မအား လေ့လာခြင်း (၂၀၀၀ ပြည့်နှစ်)
၄။ ဦးနှိမ်ရိုကျိုး မာန်ကိုချိုးကာ (၂၀၀၂ ခုနှစ်)
၅။ မမေ့သူတို့ ဝေလေ့တူ၍ အတွေ့တူတို့ အတူတွေ့ (၂၀၀၃ ခုနှစ်)
၆။ သီချင်းထဲက ဓမ္မ၊ ဓမ္မထဲက အလင်း၊ အလင်းထဲက မောက္ခ (၂၀၀၄ ခုနှစ်)
၇။ မြတ်ရှင်ဗုဒ္ဓ၏ ဓမ္မအမွေ၊ သစ္စာလေးပါးမွေးဖွားရာ ဝသုန္ဓြေ နှင့်
အတိတ်ပန်းချီကားပေါ်က သခ်ီရဆေးစက်များ (၂၀၀၇ ခုနှစ်)

## စာရေးသူ၏ စကားဦး

ဤစာအုပ်သည် ၁၉၉၇-ခုနှစ်မှ ၂၀၀၉ ခုနှစ်အထိ အပ္ပမာဒစာစဉ်ဖြင့် ကျွန်တော်ရေးသားထုတ်ဝေခဲ့သော စာအုပ် (၂၁)အုပ်အနက်မှ (၇)အုပ်ကို စုစည်း၍ထုတ်ဝေလိုက်ခြင်း ဖြစ်ပါသည်။ ''ဘဝဇာတ်လမ်း ဓမ္မမှတ်တမ်း''အဖြစ် စာအုပ်အမည်ပေးရခြင်းအကြောင်းကို ရှင်းပြပါမည်။

ငယ်စဉ်တောင်ကျေး ကလေးဘဝစာဖတ်သူ ဖြစ်ခဲ့စဉ်က ကျွန်တော်နှစ်သက်အားကျခဲ့သော စာရေးဆရာကြီး များစွာရှိခဲ့ပါသည်။ ထိုအထဲတွင် ဆရာကြီး ရွှေဥဒေါင်း၏ တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များစာအုပ်နှင့် ဆရာကြီး၏ ရေးသားတင်ပြပုံကို ကျွန်တော်လွန်စွာ နှစ်ခြိုက်စွဲလန်းခဲ့ဖူးပါ၏။

အသက်အရွယ်၊ ဘဝအတွေ့အကြုံစုံလာသည့် အနာဂါတ်ကာလအချိန် တစ်ချိန်တွင် ဆရာကြီးကဲ့သို့ ရေးသားနိုင်ခဲ့သော် ကောင်းလေစွဟု ကျွန်တော်တောင့်တခဲ့မိဖူးပါသည်။ သို့သော် ကျွန်တော်ကိုယ်တိုင် စာရေးသူဖြစ်လာသည့်အချိန်တွင် ကျွန်တော်သည် ဓမ္မရသဆောင်းပါးများကိုသာ တစိုက်မတ်မတ် ရေးသားသူ တစ်ဦးဖြစ်လာခဲ့ပါသည်။

ဤသည်ကပင် ကံသည် အနတ္တသဘောဖြစ်သည်ကို ဖော်ပြနေသည် မဟုတ်လား။ စာရေးသူတော့ ဖြစ်ခဲ့ပါသည်။ သို့သော် ငယ်ဘဝအိပ်မက်ထဲက စာရေးသူလို ဖြစ်မလာတော့။ ကျွန်တော့်ဘဝ အချိုးအကွေ့ အပြောင်းအလဲကိုလည်း သည်သို့သည်ပုံ ဖြစ်လာလိမ့်မည်ဟု လုံးဝထင်မထားခဲ့။

ယခုတော့ မထင်တာတွေမှ ဖြစ်ခဲ့ပြီ။

ထင်ထားတာတွေက ဖြစ်မလာတော့ပြီ။ ရှေ့ဆက်ပြီးလည်း မထင်တာတွေသာ ဖြစ်လာဦးမည်ကို အနတ္တသဘာဝတရားက ညွှန်းဆိုပြနေပေဦးမည်။

ကိုယ်တိုင်ရေးခဲ့သော ဓမ္မရသဆောင်းပါးများကို ယခုကဲ့သို့ စုစည်းလိုက်သောအခါ ကိုယ်တိုင်ပြန်ဖတ်ကြည့်မိ၏။ ထိုအခါ လွန်ခဲ့သော (၁၄)နှစ်ကျော်က ရေးခဲ့သော ဓမ္မရသဆောင်းပါးများတွင် ကျွန်တော့်ဘဝပုံရိပ်တွေ၊ စိတ်ကူးတွေကို ပြန်တွေ့ရ၏။ တစ်နည်းအားဖြင့် ကျွန်တော့်ဘဝဇာတ်လမ်းတို့သည် ဆောင်းပါးအချို့တွင် တစ်နွယ်ငယ်တစ်စင်ပါ ဖြစ်နေသည်ကို တွေ့ရသည်။

ထို့ကြောင့် ''ဘဝဇာတ်လမ်း''ဆိုသော စကားလုံးကို ကျွန်တော်ယူလိုက်၏။ ပြီးတော့ သတိပဋ္ဌာန်တရား၏ အရှိန်အဝါကြောင့် ကျွန်တော်ဉာဏ်မီသမျှ ''ဓမ္မမှတ်တမ်း''အချို့ကိုလည်း ရေးသားဖြစ်ခဲ့သဖြင့် ''ဓမ္မမှတ်တမ်း''ဆိုသော စကားလုံးကို ကျွန်တော်ယူလိုက်မိပြန်သည်။

ဤသို့ဖြင့် ကျွန်တော့်ဓမ္မရသဆောင်းပါးများ စုစည်းမှုသည် ''ဘဝဇာတ်လမ်း ဓမ္မမှတ်တမ်း''ဟူသော အမည်သစ်ဖြင့် ပြန်လည်နိုးထရှင်သန်လာခဲ့ခြင်း ဖြစ်ပါသည်။ (၁၄)နှစ်တာမျှရေးခဲ့သော စာတွေဖြစ်၍လည်း ဘဝဇာတ်လမ်း ဓမ္မမှတ်တမ်းတို့ကို တူရာတူရာ အုပ်စုဖွဲ့၍ အမှတ်(၁)၊ (၂)၊ (၃)အဖြစ် စီစဉ်ထုတ်ဝေလိုက်ရခြင်း ဖြစ်ပါသည်။

''ဘဝဇာတ်လမ်း ဓမ္မမှတ်တမ်း'' (၁)၊ (၂)၊ (၃) စာအုပ်များ ပြန်လည်ထုတ်ဝေရန် စီစဉ်ဆောင်ရွက်ဆဲကာလ၌ပင် ကျေးဇူးတော်ရှင်မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီးအား မဟာမြိုင်တောအတွင်း၌ ထပ်မံဖူးတွေ့ခွင့် ရခဲ့ပါသည်။

ဆရာအရှင်သည် ကျွန်တော့်အား စာမရေးတော့ရန် ပြတ်ပြတ်သားသား ဆုံးမခဲ့သည်။ တရားကအတွေးကို လက်မခံ၊ အတွေးရှိနေသရွေ့ တရားသားမတက်နိုင်ဆိုသော အဆုံးအမသည် (၁၄)နှစ်တာအတွေ့အကြုံအတွင်း၌ ထင်ရှားခဲ့ပါသည်။

ဤသည်ကို ကျွန်တော်လက်မခံ၍ မဖြစ်တော့။ သို့မဟုတ်လျှင် ပိုးသာကုန် မောင်ပုံ စောင်းမတတ်ဘဝသို့ ကျွန်တော်ရောက်ရတော့မည်။

ထို့ကြောင့် ဆရာအရှင်၏ အဆုံးအမကို အလေးအနက်ထား ခံယူ၍ ဓမ္မသက်သက်အာရုံပြုမိနေဆဲကာလ၌ ဤစာအုပ်များသည် စာဖတ်ပရိသတ်အတွက် ရသေ့စိတ်ဖြေ အလွမ်းပြေ ဖြစ်နေလေမည်လား မပြောတတ်ပါ ....။

မြသန်းစံ
၂၇-၄-၂၀၁၀

